# ၁။ အမတ်ကြီးသိဃ်သူ၏

ညီတြိဘဝနာ ဒိတျပဝရဓမ္မရာဇာမင်းကြီး အမတ်တျာကြီး သိဃ်သူရ်မည်သော ဒါယကာသည် သံသရာဆင်းရဲခပ်ကယ်သော ကုန်ရာဖြစ်သော သဗ္ဗညုမည်သော ဘုရားအဖြစ်လိုသောကြောင့်၏ သကရာဇ် ၅၅၂ ခု တန်ဆောင်မုန်းလဆန်း ၂ ရက် သောကြာနေ့ ၃ ပဟိုရ် ၁ နာရီ သောအား ပူထာပနာသရော ပရိတ်ရွတ်သောကား သခင်မဟာထေရ် ပဇ္ဇရ်ဗောဒ္ဓိ၊ သခင်ဂုဏာရိသေလ်၊ သခင်အဂ္ဂံရ်၊ သခင်မဟာပဏ္ဍိတ်၊ သခင်အက်၊ သခင်ဓမ္မဂမ္ဘိရ်၊ သခင်ဓမ္မဂုရု၊ သခင်ဓမ္မနန္ဒိ၊ သခင်နဂါး၊ ဤသခင် ၈ ယောက် ဟုတ်တာ။ ဤဝူနှင့် ပိဋကတ်လွတ်သရောအား၊ သင်္ကန်း ၁၂၀ သောက စသော အလှူကြီးလည်း ပေး၏၊ ဘုရားမဖြစ်သောကြား ပဥ္စင်္ဂတုရ်မည်သော စည်ငြင်းဖြင့် နှိုးထ ထသော စည်းစိမ်လိုရကား စည်ကြီးပန်တျာပြုသော စည်သည်ကား ငသုခါ၊ ငမတ၊ ငမရန်၊ ငဖုန်းဆုံ၊ ပသာသည်ကား ငသူရိမ်၊ ခွက်ခွင်းသည်ကား ငဖြူ၊ ကုလားပန်တျာကား ပုလောလိ၊ စည်သည်ကား ဝရမ်၊ အာရိ။ မြန်မာပန်တျာကား အို့ယာ၊ အို့ကောင်း၊ အို့ကြီး၊ စည်သည်ကား ငဖုန်းရ၊ စည်သည်မယားကား ဥမိယန္ဒိ၊ ပရိနာစိ၊ ငပိ၊ ငရိစိ၊ သားပုလောလိ၊ နံမန္ဒိ၊ ကုတ်ထန္ဒိ၊ ငဇော်၊ ပုတန္န၊ ငကြွမ်း ၂၃ ယောက်။ ဖြစ်လေရာရာကား မွတ်သိပ်ဆင်းရဲသောကို မလိုချင်ရကား ဘုရားသခင်နှင့် ဤကျောင်း၌နေသော သင်္ဃာအားလှူသော တဗလယ် အပယ် ၃၀၀။ ရမက်ကျွန်အဖြစ်မှတည်း တော်လှန်လိုရကား ဘုရားသခင်နှင့် သင်္ဃာကပ္ပိယ ဝါရ်မှုစေငှာ လှူသော ကျွန်လည်း ၁၀၀။

အမတ်ကြီး သိဃ်သူရ်

# ၂။ သစ္စာနှင့် ပညာ

အရသာဟူသမျှတို့တွင် သစ္စာအရသာလျှင် အဟုတ်အဟတ် စင်စစ်မြိန်စွာ၏ဟု ဖြေတော်မူရာ၌ အဘယ်သစ္စာအရသာနည်း။ အရသာဟူသမျှကား အဘယ်မျှနည်း၊ အဘယ်သို့ကား မြိန်စွာသနည်းဟူမူ အမှန်ဆိုသည်လည်း သစ္စာ၊ မမှန်ကို ရှောင်ကြဉ်သည်လည်းသစ္စာ၊ အမြိုက်နိဗ္ဗာန် ချမ်းသာသည်လည်း သစ္စာ၊ ဤသုံးပါးလျှင် သစ္စာမည်၏။ အရသာဟူသမျှသည်ကား ရူပါရုံ၊ သဒ္ဒါရုံ အစရှိသော အာရုံတို့ကို မြင်ရသောအရသာ၊ ကြားရသောအရသာ၊ စားရသောအရသာ စသည်တို့ကို ဆိုသတည်း။ ဤအရသာတို့တွင် အမှန်ဆိုသော အရသာ၊ မမှန်ကို ရှောင်ကြဉ်ရသော အရသာ၊ နိဗ္ဗာန်အရဟတ္တဖိုလ် ချမ်းသာကို ခံစားရသောအရသာ၊ ဤအရသာသုံးပါးသည်လျှင် မြတ်၏ဟူသတည်း။ မြင်ရသောအရသာသည်ကား ကိုယ်၏သာယာစေခြင်းကိုလျှင် ပွားစေတတ်သောကြောင့် တပ်ခြင်းနှင့်တကွ ညစ်ညူး၏။ ဤသုံးပါးသော သစ္စာအရသာသော်ကား ညစ်ညူးခြင်း မရှိသောကြောင့် မြတ်၏။ ဤသို့မြတ်၍ အရသာတို့တွင် သစ္စာအရသာလျှင် မြတ်၏ဟု ဟောတော်မူသတည်း၊ ဤကားအကျဉ်းတည်း။

အကျယ်သော်ကား ဤသို့တည်း။ ယောကျ်ားသူတော်တကာတို့ မမှန်ကိုရှောင်ကြဉ်ရာ၏။ အမှန်ကို သုံးစွဲရာ၏။ ဤအကျင့်ကို မကွာမကွင်းစေအပ်ဟု ဘုရားလောင်း မဟောသဓဆို၏။ မင်းကြီးကျွန် ငါဟုတ်ပေ၏။ ဟူသော စကားတစ်ခွန်းကို ဝိဓုရသုခမိန် ဆိုကတည်းကလျှင် ပါရမီအပြားသုံးဆယ်ကို ဖြည့်သည်မည်ရာ၏ ဟူ၍လည်း ကျမ်းဆရာတို့ ချီးမွမ်းဖူးသည်ရှိ၏။ သစ္စာနှင့်တူ၍ အံ့ဖွယ်သရဲသော အကျိုးကိုဆောင်ဖူးသည်မရှိ။ ကပ္ပိန္နမင်းကြီး တောထွက်သောအခါ မြစ်သုံးတန်ကို သစ္စာစကားသုံးဂါထာဖြင့် မြေပြင်ကဲ့သို့ စီးသောမြင်းကို သွားစေနိုင်၏။ ကဏှာဒီပါယနသော့ကား သစ္စာစကားဖြင့် မြွေဆိပ်ကိုကု၍ ဒကာ၏သားငယ်ကိုရှင်စေ၏။ ငါးရံ့နက်စစ်ဖြစ်သောအခါ ဘုရားလောင်းကား သစ္စာစကားဖြင့် မိုးခေါင်သည်ကို ထန်စွာရွာစေ၏။ ဘုရားလောင်း သုပ္ပါဒကမည်သော သင်္ဘောမှူးလည်း ဗလဝါမုခသမုဒ္ဒရာသို့ ကျလေပြီးသော သင်္ဘောလှေကို သစ္စာစကားဖြင့် အိမ်လှေကားရင်းသို့တိုင်အောင် ရောက်စေဖူး၏။ သုဝဏ္ဏသျှံ ဇာတ်တော်၌လည်း သစ္စာစကားဖြင့် မိဘတို့ကို မျက်စိပြန်မြင်စေ၏။ သိဝိရာဇ်မင်းကြီးလည်း မျက်လုံးနှစ်ဖက်မရှိ၊ မျက်တွင်းချည်းဖြစ်လျက် သစ္စာစကားဖြင့် မျက်စိအသစ် ရပြန်၏။ ဤကား ပါရမီရင့်သောသူမြတ်တို့၌ အံ့ဖွယ်သရဲရောက်သော အကျိုးတည်း။ ဓမ္မသောကမင်းကြီး လက်ထက် ပြည့်တန်ဆာမတစ်ယောက်သည် မင်းနှင့်တကွ ပရိသတ်ဗိုလ်ပါများကို၌ သစ္စာအားဖြင့်

မှန်စွာဆို၍ ဂင်္ဂါမြစ်ရေအလုံးကို အညာသို့ဆန်၍ စီးစေသောဟူ၏။ ဤသို့နှင်နှင် သစ္စာစကားအားဖြင့် ရောက်သောအကျိုးသည် အားရနှစ်သက်စွာဖြစ်ရကား သစ္စာကြောင့် အရသာမြတ်သည်ကိုလျှင် သစ္စာအရသာမြတ်၏ဟု ဖြေသတည်း။

ပညာဖြင့် အသက်မွေးသောသူ၏ အသက်ရှင်ခြင်းသည်လျှင် မြတ်သောအသက်ရှင်ခြင်းမည်၏။ ဟု ဖြေတော်မူရာ၌ ပညာဟူသောကား အပြစ်အကျိုးကို ခွဲခြမ်းနိုင်ခြင်းဉာဏ်တည်း၊ ပညာဖြင့်အသက်မွေးခြင်း ဟူရာ၌သော်ကား အပြစ်မရှိသော မကောင်းသောအလုပ်အကြံ အပြစ်ရှိသော ဆေး၀ါးမန္တန်အတတ် ဟူသမျှတို့ကိုလျှင်ကြဉ်၍ အပြစ်မရှိကျင့်သသူကား တရားနှင့် လျော်စွာ အသက်မွေးသည်မည်၏။ တရားနှင့်လျော်စွာ အသက်မွေးသောသူကိုလျှင် ပညာဖြင့် မွေးသသူဟူသတည်း။ တရားနှင့်မလျော် အသက်ရှင်၏။ တရားကိုကျင့်လျက် သေ၏။ ထိုရှင်သသူထက် သေသသူမြတ်၏။ တရားနှင့်မလျော် အသက်ရှင်သည်တည်းဖြစ်မူကား အပြစ်အတိရှိ၍ မကောင်းမှုကို ဆည်းပူးလျက် သေ၍ အပါယ်လေးပါး၌ ဦးမပြုနှစ်လေ၍ ဘုရားတို့သော်လည်း ရေတွက်နိုင်ခဲသော ဆင်းရဲကို ခံရလိမ့်သတည်း။ တရားနှင့်မလျော် အသက်ရှင်သောအခါကား အတိုသာဖြစ်စေဦး။ ထိုအတို၌ပြုသော မကောင်းမှုကြောင့်သော်တစ်မူကား အတိုင်းမသိသော ဆင်းရဲတာရှည်၏။

သူ့စီးပွား၊ မိမိစီးပွားကို မသိသောသူကား မျက်စိနှစ်ဖက်လုံး ချို့သည်မည်၏။ မိမိစီးပွားကိုသာသိ၍ သူ့စီးပွားကို မသိသသူကား မျက်စိတစ်ဖက်ချို့သည်မည်၏။ နှစ်ပါးစုံကို သိသသူကား မျက်စိနှစ်ဖက်ရှိသည်မည်၏။ ဤသို့ မျက်စိနှစ်ဖက်ရှိသောသူကား လူလည်း အိမ်ထောင်အမှု၌ လုံ့လအထအကြွရှိသော အကျင့်ပဥ္စသီ ဆောက်တည်သောအကျင့်၊ ဥပုသ် ဆောက်တည်သောအကျင့် ဤသို့အကျင့်အစရှိသော ဆိုခဲ့ပြီးသော ကုသိုလ်ဆယ်ပါးတရားကို ကျင့်လျက် အသက်မွေးသည်လျှင် ပညာဖြင့် အသက်မွေးသည် မည်သတည်း။ ရဟန်းတို့သော်လည်း သီတင်းလေးပါး အစရှိသော သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ နှစ်ပါးကို ပြီးစေ၍ ဝိပဿနာဉာဏ်ဆယ်ပါးကို စီးဖြန်းလျှင် ရဟန်းကောင်းအကျင့်ကိုကျင့်၍ ပညာဖြင့်အသက်မွေးသည် မည်သတည်း။ ဤသို့လျှင်တည်း။ လူ့အကျင့် ရဟန်းအကျင့်ကိုကျင့်၍ အသက်မွေးသောသူလျှင် အသက်မွေးသောသူ ဟူသမျှထက် မြတ်သည်ဟု သဗ္ဗညုဘုရား ဖြေတော်မူသတည်း။

**ရှင်မဟာသီလဝံသ**

# ၃။ သူရဲကောင်း လဂွန်းအိမ်

အမတ်ဒိန် မဏိစွတ်နှင့် ဗိုလ်မင်းဖြာတ်ဇ၊ သမိန်အဝန်နိုင်၊ အဲဖြရဲ၊ အရေးအရာမြော်မြင်သည့် အမှူးအမတ်များကိုခေါ်၍ မိန့်တော်မူ၏။ "မြန်မာမင်းသည် ရှေးက မြသီတင်း မြတ်စွာဘုရား ရှေ့တော်တွင် သစ္စာဆိုပြီးသည်ကို ဖောက်ပြန်၍ အလုံးအရင်းများနှင့် လာပြီးလျှင် ငါတို့ပြည်ရွာများကို ဖျက်ဆီးသည်၊ ကျွန်ချင်းသစ္စာဆို၍ အင်းဝသို့ပြန်မည်ဆိုသည့် စကားသည် မင်းတို့ အမှူးအမတ်များ စိတ်တွင် ပသို့ထင်သနည်း" ဟု မိန့်တော်မူ၏။ ဗိုလ်မင်းဖြာတ်ဇကလည်း "ကျွန်ုပ်တို့ကို သူက သစ္စာစောင့်သော်ကားစောင့် တုံ့မုံက သူ မစောင့်သော် စောင့်မည်လော" ဟု ဆို၏။ အမှူးအမတ်များကလည်း ဟုတ်ပေ၏ဟု ဆိုကြကုန်၏။ သုရှင်လည်း ကြိုက်တော်မူ၍ "သစ္စာစကားဆိုရာတွင် အကုန် ဖမ်းတော့မည်" ဟု မိန့်တော်မူ၏။ အမှူးအမတ်တို့နှင့် ညီညွတ်၍ ဓားလှံကို သဲပြင်တွင် မြှုပ်သဖြင့် အသင့်ထားရ၏။

ချိန်းချက်သည့် နေ့ရက်ရောက်လျှင် အမတ်သုံးကျိပ်ခန့်၏။ သုရှင်ကိုယ်စား အမတ်ကြီး ဗိုလ်မင်းဖြာတ်ဇ၊ အမတ်ငယ် လဂွန်းအိမ်၊ ဘုရင်မင်းခေါင် ကိုယ်စား အမတ်ကြီး မြင်စိုင်းစည်သူ၊ အမတ်ငယ်ကား သတိုး၊ မြန်မာတို့ကလည်း သုံးဆယ်၊ မွန်တို့ကလည်း သုံးဆယ်၊ သစ္စာပြုကြမည်ဟု ပန်းကျော်ချောင်းသို့ သက်ကြ၏။ မွန်က ဗိုလ်မင်းဖြာတ်ဇ၊ မြန်မာက မြင်စိုင်းစည်သူ အဖက်၊ တစ်ယောက်ချင်း သုံးဆယ်သာ သွားကြ၏။ အငယ်က လဂွန်းအိမ်နှင့် သတိုး အဖက် ပြုကြ၏။ "လဂွန်းအိမ်လည်း လက်ခွင်သည်၊ သတိုးလည်း ပေါင်ခွင်သည်၊ သည်နှစ်ယောက် အဖက်တန်ကြသည်" ဟု မွန်အမတ်၊ မြန်မာအမတ်တို့ ဆိုကြကုန်၏။

မွန်အမတ်တို့ကလည်း ဘုရင်မင်းခေါင်သို့သွား၍ ရှိခိုးရာ လမ်းတွင် ဖမ်းမည် မြန်မာ အမတ်တို့ကလည်း ရာဇာဓိရာဇ်သို့သွား၍ ရှိခိုးမည် စီရင်ကြမှ၊ သစ္စာပြုမည့်နီးလျှင် သတိုးလည်း လဂွန်းအိမ်ကို "ဟယ်... သွေးသောက် မမတ်သူရဲ။ ယခုပြုကြမည့် သစ္စာ မှန်၏လော" ဟု မေးသည်တွင် "မြန်မာရှူး စစ်တွင်းကို နင် ငါအား မေးတွက်ရှိသလော၊ ငါ နင့်ကို ရလည်း သတ်မည်၊ ငါ့ကို နင်ရလည်း သတ်မည်၊ စစ်တွင်းကို သစ္စာမှန်ဖူးသလော" ဟု လဂွန်းအိမ်က ဆို၏။

ထိုစကားကိုကြားလျှင် သတိုးလည်း မြင်စိုင်းစည်သူတို့ကို "အရှင်မင်းကြီး ယခုပြုမည့် သစ္စာသည် အမှန်မဟုတ်၊ မသွားနှင့်တော့၊ နေဘိ" ဟု ဆိုလျှင် မြန်မာအမတ်သုံးကျိပ်တို့လည်း ဆင်နှင့်တကွ ပြန်ကြလေ၏။ မွန်အမတ်တို့လည်း ဆင်နှင့် ပြန်ခဲ့၏။

သုရှင်လည်း "ပသို့ကြောင့် မင်းတို့ပြန်သနည်း"ဟု မေးတော်မူလျှင် "သစ္စာပြုမည့်အရေး ပျက်သောကြောင့် ပြန်ခဲ့သည်" ဟု လျှောက်၏။ "ဘယ်သူ့သို့သော အကြောင်းကြောင့် သစ္စာ မပြုရ ပျက်ဘိသနည်း"ဟုမေးတော်မူသော် အမတ်ဒိန်က"လဝွန်းအိန်နှင့် သတိုးအဖက်၊ သတိုးက မြန်မာတို့ကို ဆို၍ ပြန်လေသည်၊ လဝွန်းအိန်က မည်သို့ဆိုလေသည်ကို အတပ်မကြားပါ" ဟု လျှောက်၏။ ဘုရင်ရာဇာဓိရာဇ် လဝွန်းအိန်ကို မေးတော်မူသော် "ကျွန်ုပ်ကျွန်ဆိုပေသည်"ဟု ဆိုခဲ့သည့်အတိုင်း လျှောက်၏။ သို့ "သည့်အရေးကို နင် ဖျက်ကောင်းမည်လော"ဟု အမျက်ထွက်တော်မူ၍ "အပေါင်အလက်ကို ဖျက်၍ သတ်လေ"ဟု အဲမွန်ဒယာကို အပ်လေ၏။ လဝွန်းအိန်ကို အဲမွန်ဒယာကိုင်ငင်၍ ထုတ်လေ၏။

ဗိုလ်မင်းဗြာတ်ဇနှင့် အမတ်ဒိန်က ပုဆစ်တုပ်၍ လျှောက်သည်။ "သင်းသည် ပြုစုတော်မူသည့် သူရဲကောင်း၊ ယခုကွပ်ညှပ်တော်မူခဲ့သော် ရန်သူလည်းနိုးသည်။ သင်း...သို့ဖြစ်အောင် ပြုစုတော်မူ၍ ဖြစ်ခင်မည်လော၊ တစ်ဖက်သား ရန်သူကို အားမြှောက်သကဲ့သို့ မရှိချေလော၊ ဧကရာဇ်မင်းမြတ် အမျက်ပြင်းတော်မူလှသောကြောင့် အဲမွန်ဒယာထုတ်ရသည်၊ မမေးလိုက်ခင် ချောင်း၍ မေးပါရစေဦး၊ သို့အရေးကို ချေနိုင်လျှင် လွတ်ပါစေ၊ မချေနိုင်လျှင် ကွပ်တော်မူသင့်သည်" ဟု သုရှင်ကို လျှောက်လျှင် တိတ်တိတ်နေတော်မူ၏။

သို့လျှင် ဗိုလ်မင်းနှင့် အမတ်ဒိန်က လိုက်၍ခေါ်လေစေ၏။ လဝွန်းအိန်လည်း သတ်မည့် အရပ်သို့ရောက်လျှင် ရတနာသုံးပါးကိုရှိခိုး၍ ဆောက်တည်၏။ သတ်မည့်သူကလည်း မင်းဧကရာဇ် အနတ်အယူကိုင့်၍ မသတ်သေးဘဲနေ၏။ ယင်းသို့စဉ်တွင် ခေါ်သူရောက်လာသဖြင့် လဝွန်းအိန်ကို ရှေ့တော်သို့ခေါ်၍ ရောက်လျှင် ဗိုလ်မင်းဗြာတ်ဇက မေးသည့်စကားကို မဆိုတတ်ဘဲရှိ၏။ အမတ်ဒိန်ကလည်း "သင် သက်လုံမျှမကောင်း၊ သက်လုံမပြေသေး၊ သို့လျက် မင်းဧကရာဇ် အမေးတော်ကို ခံနိုင်မည်လော၊ မင်းကြီးတဲသို့ယူ၍ မင်းကြီးနှင့် ကျွန်ုပ်မေးရမှ သင်းစကား ဆိုနိုင်မည်၊ သို့မှ သင်းဆိုချက်ကို လျှောက်ရမည်"ဟု ဆို၍ သုရှင်လည်း ထ၍ ဝင်တော်မူလေ၏။

လဝွန်းအိန်ကို ဗိုလ်မင်းဗြာတ်ဇခေါ်၍ ခေါင်းလျှော်စေ၏။ တည်တန့်မှမေးသည်။ "သစ္စာပြုရာတွင်မှ မင်းခေါင်နှင့် အမျူးအမတ်တို့အား ဖမ်းမည်ကြံသည့်အရေးကို မမတ်တို့ ငါတို့သိ၏တကား၊ ပသို့သောကြောင့် ဆိုဘိသနည်း" ဟု မေး၏။ ဗိုလ်မင်းကို လဝွန်းအိန် ရှိခိုး၍ဆို၏။ "ကျွန်ုပ်ကို သတိုးသည် ယခုပြုမည့် သစ္စာမှန်၏လော"ဟု မေးရာတွင် ကျွန်ုပ်၏ စိတ်တွင် အောက်မေ့မိတည့်သည်။ မြန်မာစစ်သည်တို့သည် မျိုးရိက္ခာကုန်၍ ငတ်မွတ်လျှင် ခွာ၍ပြေးမည်၊ သို့လျှင် နိုင်မည်ကို အနိုင်မခံ၊ သစ္စာပြုပြီးမှ နိုင်အောင်ပြုမည်ကြံသည့် အကြံသည် ရှေးက အသားမင်းသည် သိကြားသမုတ်သည့် ဟံသာဝတီသည် ရန်စစ်ရောက်လျှင်

နိုင်တော့သည်ကို ယင်းသို့ကား မအောက်မေ့၊ စဉ်းလဲစဉ်းစားဖြင့် နိုင်အောင်ပြုသောကြောင့် သိကြားသမုတ်သည့် ဟံသာဝတီဟူသော အမည်ပျောက်ခဲ့၍ ဥပါယ်နှင့် ရသောကြောင့် ဥပါယ်ခိုးဟု တွင်ပြန်သည်ကို ရှည်သောအားဖြင့် ပဲခူးဟုတွင်သည်၊ ယခု တို့သခင်သည် သူ ရိကျာကုန်က ပြန်တော့မည်ကို သစ္စာခံမှဖောက်ပြန်၍ အနိုင်ယူတော်မူသော် ပဲခူးဟူသည့်အမည်ကို နောက်ပစာအမည် ခေါ်ပြန်တဲ့အံ့ဟု အောက်မေ့၍ မြန်မာရှုး စစ်ထိုးရာတွင်ကို သစ္စာမှန်ဖူးသလော ဟု သတိုးကို ဆိုပေသည် မှန်ပေ၏ဟု ဆို၏။ ကြားလျှင် ဗိုလ်မင်းဗြာတ်ဇနှင့် အမတ်ဒိန် မဏိရွတ်သည် “မမတ်ဆိုသည့်အတိုင်း တရားသဖြင့် တို့သခင် နိုင်အောင် မမတ်ကြံသော် ဖြစ်နိုင်မည်လော”ဟု မေး၏။ “ကျွန်ုပ်ချည်း ကြံ၍မဖြစ်နိုင်”ဟု ဆိုသော် “ယင်းသို့ဖြစ်လျှင် မမတ်အသက်မကြွင်းချေ”ဟု ဆို၏။ လဂွန်းအိန်လည်း “မင်းနှစ်ပါး အကြံမပေးသော်ကား ကျွန်ုပ်သူသေပင်”ဟု ဆို၏။

ဝန်ကြီး ဗညားဒလ

## ၄။ သားကောင်း၊ သမီးကောင်း

‘အဘိုးရာဇာ လူတို့တွင် မိကောင်း ဘကောင်း သားသမီးကားဖြစ်လွယ်၊ သားကောင်း သမီးကောင်းတို့ မိဘတစ်မူကား အလွန်ဖြစ်ခဲသည် မဟုတ်တုံလော’ မင်းကြီးမင်းခေါင် မေးတော်မူသော် ‘အရှင့်သားဆိုတော်မူတိုင်း ဟုတ်လှပေ၏။ အရှင့်သား အကြင်သားသမီးတို့သည် မိဘတို့အား ကျင့်ရာသော ဝတ်ငါးပါးနှင့် ပြည့်စုံအောင်ပြုမှ ချမ်းသာရသည်ဖြစ်ရာ၏။ သားသမီးတို့ ကျင့်ဝတ်ငါးပါးဟူသည်ကား– မိဘကို လုပ်ကျွေးခြင်းလည်းတစ်ပါး၊ မိမိ၏အမှုကိုပစ်၍ မိဘတို့၏ အမှုကို ရွက်ဆောင်ခြင်းလည်းတစ်ပါး၊ အမျိုးပွားပြန့်အောင် ပြုခြင်းလည်းတစ်ပါး၊ အမွေကိုခံထိုက်အောင် ကျင့်ခြင်းလည်းတစ်ပါး၊ မိဘသေလွန်လျှင်လည်း ‘ငါ့မိဘတို့ရစေ’ဟု ကုသိုလ်ကောင်းမှုပြု၍ ဝေခြင်းလည်းတစ်ပါး၊ ဤသည်လျှင်ကျင့်ဝတ်ငါးပါးတည်း။ အကြင်သားသည် အဆင်းအရောင် လှပကြသော်လည်း ဤကျင့်ဝတ်ငါးပါးလည်းမရှိ၊ ခမ္ဘသတ်နိတိကျမ်းလည်း မတတ်၊ ထိုသားကိုမွေးသည့် ‘ငါ့သား’ဟူ၍ မျက်စိဖြင့် ကြည့်ရသည့် အကျိုးတစ်ခုသာလျှင်ရှိသည်။ ထိုသို့သောသားသည် ‘သူရှုးနှင့်သာတူသည်’ ဟူ၍ ပညာရှိတို့ဆိုကုန်၏။

ကျင့်ဝတ်တရား ငါးပါးနှင့်အညီ မိဘတို့ကို ရိုသေစွာလုပ်ကျွေး၍ အကျိုးရောက်ဖူးသော ထုံးပုံကား ဘုရားအလောင်းတော်သည် ရတ္တနာပစ္စောတမင်းသားဖြစ်သောအခါ မယ်တော်ကိုလုပ်

ကျွေး၍ ဟိမဝန္တာတောအရပ်၌နေ၏။ တစ်နေ့သ၌ မယ်တော်သည် ဘီလူးစောင့်သော သစ်ပင်အောက်သို့ ဝင်မိချေသောကြောင့် 'ငါ အစာဖြစ်ပြီ' ဟူ၍ ဘီလူးကိုင်ငင်ချည်ထားလေ၏။ ဘုရားအလောင်းတော်လည်း မယ်တော်ရောက်ချိန်ကို မရောက်လာသဖြင့် အကြောင်းရှိသည်ဟူ၍ ခြေရာကိုအစဉ်မှီးလျက် လိုက်လေသော် မယ်တော်သည် အဝေးကပင် 'ချစ်သား ဤအရပ်သို့ မလာလင့်၊ ငါ ဘီလူး အစာဖြစ်ချေပြီ။ မောင့်ကိုလည်း စားပြန်လေတော့မည်'ဟု ဆို၏။ ဘုရားလောင်းလည်း သစ်ပင်ရိပ်လွတ်ရာကနေ၍ 'အို... ဘီလူး၊ ငါ၏မယ်တော်ကို အဘယ်ကြောင့် အပြစ်အဆာမရှိဘဲလျက် ဖမ်းသနည်း'ဟု မေးသော် ဘီလူးသည် 'နေမွန်းတည့်သောအခါ သစ်ပင်ရိပ်နှင့်မျှသော အရပ်သို့ ဝင်သောသူအား စားပိုင်စေဟူ၍ သိကြားမင်း ငါ့ကိုပေးသည်၊ သင့်အမိလည်း ငါ၏ သစ်ပင်ရိပ်သို့ ဝင်လာသောကြောင့် စားမည်ဟူ၍ ငါချုပ်ထားတော့သည်'ဟု ဆိုပေသော် 'ငါ့မယ်တော်ကို လွှတ်၍ ငါ့ကို စားပါ'ဆိုလျှင် မယ်တော်သည် 'ငါ့သားတော် မိခင်မှာမူကား ကြီးသောအရွယ်သို့ ရောက်ပြီဖြစ်သောကြောင့် သေသင့်လေပြီ။ မောင်သည် ငယ်ရွယ်နုပျိုသေးသည် ဖြစ်သောကြောင့် မသေသင့်' ဟူ၍ မြစ်တားသော်လည်း မနိုင်၊ မယ်တော်ကို သစ်ပင်ရိပ်မှ ထွက်စေ၍ သစ်ပင်ရိပ်သို့ ဝင်လေ၏။ ဘီလူးလည်း မင်းသားအထံသို့ ချဉ်းကပ်လေ၏။ မင်းသားလည်း 'ဘီလူး သင်သည် ငါတို့တွင် အဘယ်အသားကို လွန်၍ ကြိုက်သနည်း' ဟုမေး၏။ ဘီလူးလည်း 'နှလုံးသားကိုလွန်၍ ကြိုက်သည်'ဟုဆို၏။ မင်းသားလည်း မယ်တော်နှင့်စကားပြောဟောပြီး၍ ပူဇော်ကန်တော့ပြီးမှ 'ငါ၏အသက်သည် မထွက်မီရှေးအဖို့၌ နှလုံးသားကိုထုတ်၍ ပေးရပါလို၏' ဟုခိဋ္ဌာန်သစ္စာပြုပြီးမှ နှလုံးသားကိုထုတ်၍ပေး၏။ ပေးပြီးမှ မယ်တော်အထံသို့ သွား၍ ရှိခိုးပြန်လျှင် စကားမဆိုနိုင်၊ မိန်းမော၍ရှိလေသော် မယ်တော်သည် 'မိဘကို ရိုသေသောသူကို စားရာသလော၊ နှလုံးသားကို အန်ထုတ်၍ မင်းသားကို ရှင်အောင်ပြု၍ပေး'ဟု ဆိုလျှင် ဘီလူးလည်း ကြောက်လန့်ခြင်း ပြင်းစွာတုန်လှုပ်လျက် မင်းသားရှိရာသို့ သွား၍ နှလုံးသားကို အန်ထုတ်ပြီးလျှင် နတ်ဆေးတို့ဖြင့်ဖျော်၍ မင်းသားဝမ်းထဲသို့ သွင်းလေ၏။ မင်းသားလည်း မိဘကို ရိုသေသော အာနုဘော်၊ နတ်တို့၏အာနုဘော်အားဖြင့် ပကတိရှိလေ၏။ ဘီလူးလည်း 'သည်အရပ်တွင် နေသမျှကာလပတ်လုံး ငါစောင့်ရှောက်မည်'ဆို၍ အန္တရာယ်မရှိအောင် စောင့်ရှောက်ဖူးလေ၏။

ရှင်စန္ဒလင်္ကာ

# ၅။ ဝေဿန္တရာ ဇာလီ ကဏှာဇိန်

ဇုဇကာပုဏ္ဏားသည် "အရှင်မင်းကြီး မြစ်ကြီးငါးစင်း၌ စီးသောရေအလျှင်သည် သူတစ်ပါးတို့ သောက်ယူသုံးဆောင်၍ မကုန်ခန်းသကဲ့သို့ အရှင်မင်းကြီးသည်လည်း သဒ္ဒါတရားဖြင့် ပြည့်သည်ဖြစ်၍ ယာစကာတို့၏ မှီရာကိုးကွယ်ရာဖြစ်သောကြောင့် အကျွန်ုပ်သည် အလှူခံအံ့သောငှာ ရောက်သတည်း၊ ထိုသို့ရောက်သော အကျွန်ုပ်အား အရှင့်သားတော် သမီးတော်နှစ်ယောက်ကို ကျွန်အလို့ငှာ လှူတော်မူပါလော့"ဟု တောင်း၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် အလွန်နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ဆန့်သောလက်ဝါးပြင်၌ ဥစ္စာတစ်ထောင်ထုပ်ကို ထားဘိသကဲ့သို့ နှစ်သက်စေလျက် အလုံးစုံသော တောတောင်ကို ပဲ့တင်ထပ်စေသဖြင့် "ဒဒါမိတ၀ မယှံ ပုတ္တကေ" အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား–ပုဏ္ဏားကြီး သင့်အား ငါ၏ သားတော် သမီးတော်တို့ကို ကျွန်အလို့ငှာလှူ၏။ သင်သည် အစိုးတရ အရှင်ဟူသော အမှတ်ဖြင့် ဆောင်ယူလေလော့၊ ထိုသို့တစ်မူကား ထိုသူငယ်နှစ်ယောက်တို့၏ အမိဖြစ်သော မဒ္ဒီမင်းသမီးသည် ယခုမရှိသေး။ ညချမ်းသောအခါမှ သစ်သီးကြီးငယ်တို့ကို ဆောင်ရွက်၍ တောက ပြန်လာမည်ဖြစ်သည်။ ယနေ့ညဉ့် ဤ၌တွင် အိပ်၍ နက်ဖြန် နံနက်အခါမှ တန်ဆာဆင်အပ်သော သားသမီးနှစ်ယောက်ကိုဆောင်ယူ၍ သင်သွားလော့၊ ဇာလီ မိဖင်ရောက်အောင် ငံ့နေဦး၊ သင့်အား ရိက္ခာစာ အလုအလောက်နှင့် လွှတ်လိုက်အံ့"ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဇုဇကာပုဏ္ဏားသည် "တိုင်းကြီးသခင် အရှင်မင်းကြီး– ဆိုတော်မူသော စကားကို အကျွန်ုပ်မနှစ်သက်၊ အဘယ့်ကြောင့်နည်းဟူမူကား မိန်းမတို့မည်သည်ကား များစွာ လှည့်ပတ်တတ်သော မာယာလည်းရှိ၏။ ယုတ်မာသော အမှုကိုသာလျှင် အပါသွေးဆောင်ဖျက်ဆီးတတ်၏။ အရှင်မင်းကြီးသည်လည်း ကံ–ကံ၏အကျိုးကို ယုံကြည်တတ်သော အလှူဒါယကာတည်း။ မိန်းမတို့မည်သည် ကောင်းမှု၏ အန္တရာယ်ကိုလည်း ပြုတတ်၏။ ဖုန်းတောင်းယာစကာတို့၏ လာဘ်ကိုလည်းဖျက်ဆီးတတ်၏။ ထိုသို့ဖြစ်သောကြောင့် ဤသားတော် သမီးတော်တို့ကို လှူရာ၌ မဒ္ဒီမိဖုရားကို မမြင်မသိစေလင့်။ ယခု မဒ္ဒီမရောက်မီပင် အကျွန်ုပ်သည် သားတော် သမီးတော်တို့ကို ဆောင်သွားလို၏။ သားတော် သမီးတော်တို့ကို ခေါ်တော်မူလော့"ဟုဆို၏။

ထိုစကားကိုကြားလျှင် မင်းကြီးဝေဿန္တရာသည် "ပုဏ္ဏားကြီး–သင်သည် လင်ကို အရို

အဆေ လုပ်ကျွေးတတ်သော ငါ၏ မြေးကလေးများကို မတွေ့မမြင်စေလိုသည် အကယ်၍ဖြစ်အံ့။ ငါ၏ သားတော်သမီးတော် ဇာလိ ကဏှာဇိန် ဤမောင်နှမနှစ်ယောက်တို့ကို အဘိုးဖြစ်သော သိဥ္စည်းမင်းကြီးထံသို့ ရောက်အောင်ပို့ပါလေတော့။ သာယာစွာသော အသံဖြင့် ချစ်ဖွယ်သော စကားကိုဆိုတတ်ကုန်သော ငါ့သားတော်၊ သမီးတော်တို့ကို ငါ့ခမည်းတော် သိဥ္စည်းမင်းကြီး မြင်ရသည်ရှိသော် အလွန်စုံမက်နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၍ သင့်အားများစွာ ဥစ္စာပေးလတ္တံ့" ဟု ဆိုတော်မူ၏။

ထိုစကားကိုကြားလျှင် ဇူဇကာပုဏ္ဏားသည် "ပြည်တဲသခင် အရှင်မင်းကြီး– အကျွန်ုပ် လျှောက်ဦးအံ့၊ နာတော်မူပါလော့ သားတော် သမီးတော်တို့ကို အရှင်မင်းကြီးအမိန့်ရှိတိုင်း ဘိုးတော်သိဥ္စည်းမင်းကြီးထ ဆောင်ယူသွားချေသော် အကျွန်ုပ်အား အန္တရာယ်ရောက်မည်ကို ကြောက်ပါသည်။ အကယ်၍ ဘိုးတော်ထံ ရောက်ချေအံ့။ အကျွန်ုပ်အား အမျက်ထွက်၍ မင်းကြီးသည် ရာဇဒဏ်ကြီးစွာသော်လည်း ပေးရာ၏။ ရောင်း၍မူလည်း စားရာ၏။ သတ်မူလည်း သတ်ရာ၏။ ထိုသို့ဖြစ်သော် အကျွန်ုပ်အား ဥစ္စာလည်းမရ။ ကျွန်လည်းဆုံး၍ ပုဏ္ဏေးမအမိတ္တာပုံ၏ ဆဲရေးဆိုမည်ပြစ်တင်ကဲ့ရဲ့ခြင်းကို ခံရရာ၏" ဟု ဆို၏။

ထိုစကားကိုကြားလျှင် မင်းကြီးဝေဿန္တရာသည် "ပုဏ္ဏားကြီး– သင် မစိုးရိမ်လင့်။ ငါ့ခမည်းတော်သိဥ္စည်းမင်းကြီးသည် သူတစ်ပါးအားနှိပ်စက်ခြင်းမရှိ၊ မင်းကျင့်တရားနှင့်လည်း ပြည့်စုံ၏။ မြေးတော်နှစ်ယောက်ကို မြင်ရသည်ရှိသော် အလွန်နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၍ သင့်အား များစွာသော ဥစ္စာပေးအံ့သည်ကား မချွတ်တည်း" ဟုဆိုပြန်၏။

ဇူဇကာပုဏ္ဏားသည် "အရှင်မင်းကြီး –အရှင်ယခု သွန်သင်တော်မူသော စကားကိုအကျွန်ုပ် မနာမယူပြီ။ ဥစ္စာကိုလည်း အလိုမရှိ၊ ဤသူငယ်နှစ်ယောက်တို့ကို ဆောင်ယူ၍ ပုဏ္ဏေးမ အမိတ္တာပုံ၏ အလုပ်အကျွေး ကျွန်ဖြစ်စေအံ့" ဟုဆို၏။

ကိုသို့ ဇူဇကာပုဏ္ဏားဆိုသောစကားကို မင်းသား မင်းသမီးတို့ ကြားလေသော် ဤပုဏ္ဏားသည် အလွန်ရုန့်ရင်းကြမ်းတမ်းသော စကားကိုဆို၏ဟု ပြင်းစွာသောထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်၍ ကျောင်းသင်္ခမ်း၏နောက်သို့ သွားကြပြီးလျှင် ပြေးကြလေသဖြင့် တစ်ခုသောချုံထဲသို့ဝင်၍ ပုန်းကြကုန်၏။ ထိုချုံ၌ ပုန်းသည်ကိုလျက်လည်း အလွန်ကြောက်အားကြီးသောကြောင့် ဇူဇကာပုဏ္ဏား လိုက်လံရှာဖွေသကဲ့သို့ ပုဏ္ဏား၏မျက်နှာကိုသာမြင်၍ စိတ်မလုံနိုင်သောကြောင့် ပြင်းစွာတုန်လှုပ်သော ကိုယ်ဖြင့် ချုံထဲသို့ဝင်ယောင် ပြင်သို့ထွက်ယောင် တောင်ပြေးမြောက်ပြေး မရပ်မတည်နိုင်သဖြင့် လေးထောင့်ကန်သို့သွား၍ ပုဆိုးအဝတ် မြဲစွာဝတ်ပြီးသော် ရေကန်ထဲသို့ ဆင်းလျက် ကြာဖက်အုပ်မိုး၍ ငုပ်လျှိုးပုန်းကွယ်ကြကုန်၏။

ဇူဇကာပုဏ္ဏားသည် သူငယ်တို့ကိုမမြင်သဖြင့် ဤသို့ မခန့်ညားသော စကားကို ဆို၏။ "မင်းကြီးဝေဿန္တရာ– သင်မင်းကြီးသည် ယခုငါ့အား သားသမီးတို့ကိုလှူပြီးလျက် စေတုတ္တရာပြည်သို့ မသွားပြီ၊ ပုဏ္ဏေးမအိမ်သို့သာ သွားအံ့ဟု ငါဆိုလျှင်ပင် သားသမီးတို့ကို မျက်ရိပ်မျက်ခြောင်း မကောင်းသောအမှတ်ပေးသဖြင့် ပြေးစေပြီး၍ အဘယ်ကြောင့် မသိယောင်ဆောင်၍ နေဘိသနည်း၊ ဤလူ့ပြည်တွင် သင်နှင့်တူ၍ လှည့်စားတတ်သောသူမည်သည် မရှိ ငါထင်၏"ဟု ခြိမ်းခြောက်သံ စကားကို ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် ငါ့သားတော်၊သမီးတော်တို့ ကြောက်လန့်ပြီး ပြေးပုန်းသည်ဖြစ်မည်ဟုကြံ၍ 'ပုဏ္ဏားကြီး–မစိုးရိမ်လင့်၊ သားငယ် သမီးငယ်တို့ကို ငါခေါ်၍ ပေးအံ့'ဟုဆိုလျက် နေရာမှထပြီးသော် ကျောင်းသခ်မ်းနောက်သို့သွား၍ သူငယ်တို့သည် တောထဲချုံထဲသို့ ဝင်၍ပုန်းရာသည်ဟု မှတ်လျက် ခြေရာခံ၍ ရှာလေသော် ရေကန်နားသို့ ရောက်သောအခါ ရေကန်ထဲသို့ဆင်းသော ခြေရာကိုမြင်လျှင် ဤရေကန်ထဲ၌ ငါ့သား၊ငါ့သမီးများ ပုန်းအောင်းနေသည် ဖြစ်ရာသည် သိပြီး၍ ရေကန်နား၌ရပ်လျက် 'ချစ်သားဇာလိ–ချစ်သားဇာလိ'ဟုခေါ်တော်မူ၍ 'ချစ်သား–သင်သည် ဤသို့လာလှည့်၊ ခမည်းတော် ဒါနပါရမီကို ဖြည့်ပါရစေ၊ ပုဏ္ဏား ဆဲရေးဆိုမြည် ညှဉ်းဆဲနှိပ်စက်ခြင်းကြောင့်ဖြစ်သော နှလုံးပူပန်ခြင်းကို သင် သည်းခံ၍ ခမည်းတော်၏စကားကို လိုက်နာပါလော့၊ သင်သည် မဟာသမုဒ္ဒရာအလယ်၌ လှိုင်းတံပိုး မနှိပ်စက်နိုင်သော သင်္ဘောဖောင်ကဲ့သို့ သံသရာ၌ နိဗ္ဗာန်သို့ကူးသော ငါ့အား ကောင်းမြတ်သော ယာဉ်သည် ဖြစ်ပါစေလော့၊ ခမည်းတော်သည် ဒါနပါရမီတည်းဟူသော သင်္ဘောဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာမှ ပင်ငြိမ်းအေးခြင်းကင်းသော နိဗ္ဗာန်ကမ်းသို့ ကူးပါအံ့၊ ငါကူးမြောက်လျှင် သင်နှင့်တကွသော လူအပေါင်းတို့ကိုလည်း သံသရာမှ ထုတ်ဆယ်ကယ်တင်ပါအံ့'ဟု ဆို၏။

ဇာလိမင်းသားသည် ခမည်းတော်၏ စကားကိုကြားလျှင် အလွန်ရိုသေမြတ်နိုးခြင်းရှိသည် ဖြစ်၍ ပုဏ္ဏားသည် ငါ့အားပြုလိုရာပြုစေ၊ ခမည်းတော်အား တစ်ခွန်းမျှပြန်၍ မလျှောက်ထားအံ့ ဟု ကြံပြီးလျှင် ကြာရွက်ကို ဖယ်လှန်လျက် ဦးခေါင်းကိုဖော်ပြီးသော် ရေထဲမှ တက်လာ၍ ခမည်းတော်၏ လက်ယာခြေရင်း၌ဝပ်လျက် ခြေဖမျက်ကိုကိုင်ကာ ငိုကြွေး၏။

ထိုအခါ ဇာလိမင်းသားကို ဘုရားလောင်းသည် 'ချစ်သားဇာလိ– သင်၏ နှမကာ အဘယ်မှာ ရှိသနည်း'ဟုမေး၏။ ဇာလိမင်းသားသည် 'ခမည်းတော်–သတ္တဝါတို့မည်သည်ကား ဘေးရောက်သောအခါ ကိုယ့်ကိုသာ အလွတ်ကြိုးစားရမြဲ'ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားလောင်းသည် ငါ၏သားတော် သမီးတော်တို့ကား အချင်းချင်း ကတိကဝတ်ရှိသည်ဖြစ်ရာ၏ဟု သိ၍ သမီးတော်ကို ခေါ်ပြန်သည်။ 'ချစ်လှစွာသော သမီးကဏှာဇိန်

ခင်ထံ ဤသို့လာလှည့်၊ ခမည်းတော်၏ ဒါနပါရမီကို ချစ်သမီး ကူညီ၍ ဖြည့်ပါလော့၊ ပုဏ္ဏား၏ နှိပ်စက်ခြင်း၊ ဆင်းရဲခြင်းကို နှလုံးမမူ ပူပန်ခြင်းကိုလည်း သည်းခံ၍ ခမည်းတော်စကားကို လိုက်နာပါလော့'ဟု သားတော်ကိုမှာသကဲ့သို့ပင်လျှင် ဆိုပြန်၏။ ကဏှာဇိန်မင်းသမီးလည်း ခမည်းတော်၏ စကားကိုကြားလျှင် ခမည်းတော်အား တစ်ခွန်းမျှ ပြန်၍မဆိုပြီ၊ ပုဏ္ဏားပြုလိုရာ ပြုစေတော့ဟု ရှေးအတူ ရေကန်မှတက်ပြီးလျှင် ခမည်းတော်၏ လက်ဝဲခြေရင်း၌ ဝပ်လျက် ခြေဖမျက်ကို လက်နှင့်ဖက်၍ ငိုကြွေး၏။ ထိုမင်းသား မင်းသမီးတို့ ငိုသောမျက်ရည်သည် ပဒုမ္မာကြာပွင့်အဆင်းနှင့်တူသော ဘုရားလောင်း ခြေဖမိုးပေါ်၌ ကျ၏။ ထိုအခါ ဘုရားလောင်း၏ မျက်ရည်သည်လည်း ရွှေအင်းပျဉ်နှင့်တူသော သားတော် သမီးတော် နှစ်ယောက်၏ ကျောက်ကုန်းပေါ်၌ကျ၏။

ထိုအခါ ဘုရားလောင်းသည် သားတော် သမီးတော်တို့ကို ထစေပြီးသော် ယောကျ်ားမြတ် မိန်းမမြတ်တို့၏ လက္ခဏာနှင့်ပြည့်စုံသော သင်တို့သည် ယုတ်မာသော ပုဏ္ဏား၏ကျွန် အရှည် အမြင့်မဖြစ်ရာ၊ သင်တို့ မစိုးရိမ်လင့်ဟု နှစ်သိမ့်စေပြီးလျှင်'ချစ်သားဇာလိ-သင်သည် ခမည်းတော် အလှူပေးကြူးသောအဖြစ်ကို သိပြီးပြီမဟုတ်လော၊ ခမည်းတော်၏ အလိုကို အပြီးသို့ရောက်အောင် ချစ်သားပြုသော့'ဟုဆို၍ နွား၊ ကျွဲ၊ ဆင်၊ မြင်းတို့ကို အဖိုးဖြတ်သကဲ့သို့ သားတော် သမီးတော် တို့ကိုလည်း ထိုအရပ်၌ ရပ်လျက်ပင်လျှင် ဤသို့ အဖိုးဖြတ်တော်မူ၏။ 'ချစ်သားဇာလိ- သင်သည် အကယ်၍ တော်လှန်လိုသည် ဖြစ်အံ့၊ ပုဏ္ဏားအား ရွှေစင်နိက္ခတစ်ထောင် ပေး၍ တော်လှန်လေ၊ သင့်နှမသည်ကား မြတ်သောအဆင်းကိုဆောင်သည်ဖြစ်၍ တစ်စုံတစ်ယောက်သော ယောကျ်ားသည် ပုဏ္ဏားအား ဥစ္စာပေး၍ အမျိုးဆက်လိုသည်ဟူအံ့၊ ယုတ်သောအမျိုးပင်ဖြစ်စေ၊ မည်သည့်အမျိုးမဆို ကျွန်ယောကျ်ားတစ်ရာ၊ ကျွန်မိန်းမတစ်ရာ၊ ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘတစ်ရာ၊ ရွှေစင်နိက္ခတစ်ရာ၊ ငွေစင်နိက္ခတစ်ရာ၊ ဤအလုံးစုံ တစ်ရာစီ ပုဏ္ဏားအား ပေးနိုင်လျှင် တော်လှန်သဖြင့် အမျိုး၏ရောယှက်ခြင်းကို ပြုလေလော့ဟုဆို၍ ဤသားတော် သမီးတော်တို့ကို အဖိုးဖြတ်တော်မူပြီးလျှင် ကျောင်းသခ်မ်းသို့သွား၍ ရေဖြင့်ပြည့်သော ရွှေကရားကို ကိုင်လျက် 'ပုဏ္ဏား... ဤသို့လာလှည့်' ဟုခေါ်တော်မူ၍ 'ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု'ဟု ဆုပန်တော်မူလျက် ရေစက်သွန်းချ၍ သားတော် သမီးတော်တို့ လှူတော်မူ၏။

ဦးဩဘာသ

## ၆။ ဩဝါဒမေတ္တာစာ

"ချမ်းသာစေသောဝ်၊ လှမ်းသာစေသောဝ်၊ လာစေသောဝ်" ဟု ဩဇိသပတ္ထနာ မေတ္တာရေချမ်း၊ ဆွတ်ဖျန်းလေ့ရှိ၊ မိခင်စကား မှာကြားလိုက်သည့် သားမောင်ရွှေအောင်။

နေ့ရက်လရှည်၊ နှစ်လည်ပေါင်းကူး၊ ဝေးကျူးရပ်မြေ၊ ကြာရှည်လေသောကြောင့်၊ မအေ သားချင်း၊ ဆွေရင်းတို့က၊ စိုးရိမ်လှ၍၊ မိဘတို့ထံ ပြန်လည်ခဲ့စေချင်ပါသည်။ ယောကျ်ားစွမ်းအား၊ ဝေးရပ်သွား၍၊ နေ့များနှစ်ကြာ၊ ရှာဖွေသည့် အရေးမှာ–

သေးမှသာ လှသည်မဟုတ်ပါ။
ဝေးမှသာ ရသည်မဟုက်ပါ။
မသေးဘဲနှင့်ပင် လှပါသည်။
မဝေးဘဲနှင့်ပင် ရပါသည်။
ပြာမှသာ လှသည်မဟုတ်ပါ။
ကြာမှသာ ရသည်မဟုတ်ပါ။
မပြာဘဲနှင့်ပင် လှပါသည်။
မကြာဘဲနှင့်ပင် ရပါသည်။
ကံသာ ဥစ္စာဓန ဖြစ်ချေသည်။
ဉာဏ်မှာ ဟုတ်ရာသမျှ ဖြစ်ချေသည်။
ကံရှိမှ တတ်သည်။
ဉာဏ်ရှိမှ မြတ်သည်။
ကံနှိုးဆော်မှ ထင်ပေါ်သည်။
ဉာဏ်နှိုးဆော်မှ မြင်မြော်သည်။
ကပင်ရှိသော်လည်း ဝီရိယချွတ်တတ်သည်။
ဉာဏ်ပင်ရှိသော်လည်း သတိကလွတ်တတ်သည်။
ကံပင်ရှိသော်လည်း ဝီရိယကူရမည်။
ဉာဏ်ပင်ရှိသော်လည်း သတိကမူရမည်။
ကြော့ကြမ်းလျှင် မုန်းတတ်သည်။
သော့သွမ်းလျှင် ဆုံးတတ်သည်။

ဟော့ရမ်းလျှင် ရှုံးတတ်သည်။
မကြော့မကြမ်း နေရမည်။
မသော့မသွမ်း ပြုရမည်။
မဟော့မရမ်း ရှုရမည်။
ဂုဏ်ပျက်ကိုလည်း မအောင်းနှင့်။
လူပျက်ကိုလည်း မပေါင်းနှင့်။
ဂုဏ်ပျက်ကိုအောင်းလျှင် ပိတတ်သည်။
လူပျက်ကိုပေါင်းလျှင် ငြိတတ်သည်။
ထန်းလျက်နှင့်တူသည်လို့ ကျောက်ဖြူကိုလည်း မနမ်းနှင့်။
ကျွမ်းလျက်နှင့်မြူသည်လို့ အောက်သူကိုလည်း မစမ်းနှင့်။
ကျောက်ဖြူကိုနမ်းလျှင် ဖုံကပ်သည်။
အောက်သူကိုစမ်းလျှင် ကုန်တတ်သည်။
ကျတိုင်းလည်း ကုန်း၍မကောက်နှင့်။
ရတိုင်းလည်း သုံး၍မဖျောက်နှင့်။
ကျတိုင်းကုန်း၍ကောက်လျှင် လူရယ်မည်။
ရတိုင်းသုံး၍ ဖျောက်လျှင် ဖြုံလွယ်သည်။

အတည်တည်မှာထား၊ သည်စကားရပ်များကို စုံစမ်းကြည့်ရှု စရုနည်လျက်၊ အထည်နှင့်အနံ၊ ဆင်တန်ရုံ ကြံစား၍၊ ယောကျ်ားပီသွာ၊ လိမ္မာမြော်မြင်သည်နှင့်အညီ၊ တစ်လီမြန်မြန်၊ မယ်တို့ထံသို့ ပြန်လည်ခဲ့မည့်အရေးကို ရှေးလမ်းဟောင်းတွင်၊ လမ်းသစ်ထွင်၍၊ မြင်ချင်လှသည့်စိတ်ထားနှင့်၊ မှာကြားလိုက်ပါသည် သားမောင်ရွှေအောင်။

ကျည်းကန်ရှင်ကြီး